ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ရက်၊ ကြာသပတေးနေ့၊ (3-6-2010) (၆၄၁၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇွန် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ ညနေ ၃ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးမှ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့ လိုက်ပါလျက်

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းရှိ ပန်းချီခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီလက်ရာမွန်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ
The Mirror
၃-၆-၂၀၁၀
(ကြာသပတေးနေ့)

ဇီဝမျိုးစုံ ထာဝစဉ်တည်တံ့ရေး ထိန်းသိမ်း

သစ်တောသစ်ပင် ပန်းပေါင်းစုံနှင့် သတ္တဝါအမျိုးမျိုးတို့သည် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ အသက်ရှင်နေထိုင်နိုင်ရေးတွင် အထောက်အကူပြုနေသည်။ သစ်တောသစ်ပင်များ ထူထပ်ရာ ပတ်ဝန်းကျင်သည် စိမ်းလန်းစိုပြည်နေသည်။ အပူအအေးမျှတသော ရာသီဥတုကိုဖြစ်ပေါ်စေသည်။ သားငှက် တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးနိုင်ပေသည်။

နိုင်ငံဧရိယာ၏ ရာခိုင်နှုန်း ၅၀ ကျော်သည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ စိမ်းလန်းစိုပြည်နေသော သစ်တောသစ်ပင်များ၊ တသွင်သွင်စီးဆင်းနေသော မြစ်ချောင်းအင်းအိုင် စိမ့်စမ်းရေတံခွန်များနှင့် အရောင်အသွေးစုံလင် ပန်းမျိုးစုံဖူးပွင့်နေသော ရေမြေသဘာဝပတ်ဝန်းကျင်သည် မြန်မာနိုင်ငံ၏ အဖိုးတန်သဘာဝလက်ဆောင်ကောင်းများပင်။

ယင်းသို့ ရေမြေသဘာဝပတ်ဝန်းကျင်ကောင်းများ ဖြစ်တည်နေခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝနေမှု၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ အပင်မျိုးစိတ်ပေါင်းတစ်သောင်းကျော်၊ သစ်ခွမျိုးပေါင်း ရှစ်ရာကျော်၊ တွားသွားသတ္တဝါလေးရာကျော်၊ နို့တိုက်သတ္တဝါသုံးရာကျော်၊ ငှက်မျိုးပေါင်း တစ်ထောင်ကျော်နှင့် လိပ်ပြာမျိုးပေါင်း တစ်ထောင်ကျော်ရှိကြောင်း ဇီဝမျိုးကွဲ လေ့လာမှုမှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးပြီး အစဉ်တစိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး တိရစ္ဆာန်များ၊ ရေပျော်ငှက်များ ဇီဝမျိုးစုံတို့ကို ထိန်းသိမ်းစောင့်ရှောက်နေသည်။

သစ်တောရေးရာဝန်ကြီးဌာနက ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ရှင်သန်ကျက်စားရာဒေသများကို ထိန်းသိမ်းစောင့်ရှောက်နေသည်။ ရေမြေပတ်ဝန်းကျင် သဘာဝအတိုင်း မပျက်မယွင်းရှိနေသေးသော ဒေသများကို အမျိုးသား ဥယျာဉ်များအဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိသည်။ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တော၊ အင်းတော်ကြီးအိုင်ဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တော၊ ချပ်သင်းဘေးမဲ့တော၊ မိုးယွန်းကြီးအင်းဘေးမဲ့တော၊ မိန်းမလှကျွန်း ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်စသည်တို့သည် သားငှက်၊ ရှားပါးတိရစ္ဆာန်နှင့် ဇီဝမျိုးကွဲများစွာ တွေ့ရှိနိုင်သော နယ်မြေများဖြစ်သည်။

ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်။ **"ဇီဝမျိုးစုံလင် ကမ္ဘာတစ်ခွင် ထာဝစဉ်တည်တံ့ရေးထိန်းသိမ်းပေး"** ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ သစ်ပင်သစ်တောများ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ငှက်အမျိုးမျိုးတို့ကို ပြည်သူများအားလုံးက အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှု ရေရှည် တည်တံ့နေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ပိုလ်ချုပ်ဝင်းမြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး အခြေခံသင်တန်းဆင်းပွဲ အခမ်းအနား တက်ရောက်

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူကလေးများက အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူးက ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး နွေရာသီ အခြေခံသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကင်းပညာရေးကောလိပ် အလက ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က ကျင်းပရာ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးမြကျော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိန်သွေးက ကျောင်းအပ်နှံရေးနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသာဒင်က ကျောင်းတွင်တပ်ဆင်သော ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း ကိစ္စကိုရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လေ့ကျင့်ရေးကျောင်းမှ လှူဒါန်းသော မူလတန်း ဘာသာစုံစာအုပ် ၂၁၀၆ အုပ်၊ အလယ်တန်း ဘာသာစုံစာအုပ် ၃၂၇၇ အုပ် တန်ဖိုးငွေကျပ် ၆၆၂၀၁၅ ကို လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ဆရာကြီးက ပေးအပ်ရာ ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကဦးဆောင်၍ စေတနာရှင်မိဘများက ကွန်ပျူတာခန်းမဖွင့်လှစ်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ အား ဥက္ကဋ္ဌ ဦးသာဒင်က ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်သွေးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် အလျားပေ ၃၃၀၊ အနံ ၈ ပေ ကျောင်းရှေ့ ကွန်ကရစ်လမ်းခင်းရန် ငွေကျပ် ၃၂ သိန်းကို အလှူရှင် ဦးမျိုးဝင်း-ဒေါ်သူဇာ မိသားစုက လှူဒါန်းရာ**(အောက်ပုံ)** ကျောင်းအုပ်ဆရာကြီးကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်းသိရသည်။

(၃၅)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၆-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၉။ မျှော်လင့်စောင့်စားကမ္ဘာ့ဖလား-Chile and Paraguay
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၄။ **ကာတွန်းအစီအစဉ် -စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၁၈)**
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၃၄)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အနုပညာရှင်၏တစ်နေ့တာ
- ၂၁။ ကုန်သွယ်သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၂၇)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကြီးကြပ်ဆောင်ရွက်

မေ ၂၀ ရက်က ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများ သန့်ရှင်းသော သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် အဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် မိုင်းလီရပ်ကွက်နေပြည်သူများအား တစ်နေ့ ရေဂါလန် ၃၆၀၀ ဖြင့် ရေဖြန့်ဝေနေမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် အမှုဆောင်အရာရှိ ဦးလင်းထွဋ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြို့ ၃၇လမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်မမလေး၊ ခင်ပွန်း ဦးမင်းလွင်၊ သား ဦးသိန်းဝင်း၊ အစ်မ ဘွားစိန်တို့အားရည်စူး၍ ဒေါ်ခင်ညွန့်၊ သမီး ဖြူဖြူလွင်၊ မာလာလွင်၊ မြေး မြတ်မင်းဦးတို့က ငါးသိန်း ခြောက်သောင်းတန်ဖိုးရှိ သွေးပေါင်ချိန်စက် ၁၀ လုံးကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

❖ **ရွှေဖုံးမှ**
ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိရာပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်မျိုးမင်းနှင့် တာဝန်ရှိ သူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။ မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကျောင်းဧည့်ခန်းမ၌ အဋ္ဌမတန်း ကျောင်းသူ မနှင်းအိမ်ခြွေလင်းက ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၏ သတင်း အချက်အလက်အကျဉ်းကို ရှင်းလင်း တင်ပြသည်။ အုပ် ဆရာမကြီး ဒေါ်စောယုခင်က လက်ခံသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက ကျေးဇူးတင်စကားပြောကြားပြီး တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြား ပေါင်အား ကျောက်စိမ်းပန်းချီကားကို အမှတ်တရ လက်ဆောင်အဖြစ် ပေး အပ်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတ

ဆက်ကပ်လှူဒါန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က စေတီတော် ရင်ပြင် ဧည့်ခံတန်ဆောင်းရှိ ဧည့်သည် တော် မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကာ စေတီတော်မြတ်ကြီးအား ပန်းများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်သည် ရွှေတိဂုံ စေတီတော်မြတ်ကြီးအတွက် အလှူ ငွေများကို ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ရွှေတိဂုံစေတီတော် ပုံတော်ကို ဓမ္မဒါန အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာ ရစ်တစ်ပတ် လှည့်လည်ကြည်ညိုကြ ပြီး စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို ဦးဆောင်သော သံရုံး ဝန်ထမ်းများ၊ ပညာသင်များ၊ စီးပွား ရေးလုပ်ငန်းရှင်များနှင့် ပင်လယ်ရပ် ခြား တရုတ်လူမျိုးများအား တွေ့ဆုံ သည်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံ ပညာအလယ်တန်းကျောင်း၌ မြန်မာ့ရိုးရာအကဖြင့် ဖျော်ဖြေ တင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူလေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

လှည့်လည်ကြည်ညို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည် ကြည်ညိုစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်းရှိ ပန်းချီခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီလက်ရာမွန်များကို ကြည့်ရှု အားပေးကြရာ ကျောင်းသား၊ ကျောင်း သူလေးများက တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံ ပန်းချီကား ချပ်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်

ယင်းနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ် စားလှယ်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူလေးများ၏ မြန်မာ့ရိုးရာ အကဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က အမှာစကား ပြောကြားပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း အတွက် လှူဒါန်းသည့် ကွန်ပျူတာ များစာရင်းကိုပေးအပ်ရာ ကျောင်း

ဇွန်လ ၂ ရက်တွင် စတင်ကျင်းပသော အာဖဂန်ပြည်တွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ တက်ရောက်လာသူ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းမှ ကိုယ်စားလှယ်များအား သမ္မတ ဟာမစ်ကာဇိုင်း မိန့်ခွန်းပြောကြားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပစ်မှတ်ထား၍ တာလီဘန်များတိုက်ခိုက်ရန်ကြိုးပမ်း

ကဘူး ဇွန် ၂

ကိုးနှစ်မျှကြာခဲ့ပြီဖြစ်သည့် အာဖဂန်စစ်ပွဲကို အဆုံးသတ်နိုင်ရေးအတွက် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ကမကထပြု ကျင်းပခဲ့သော အာဖဂန်ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တာလီဘန် အသေခံတိုက်ခိုက်ရေးသမား အုပ်စုတစ်စုက ပစ်မှတ်ထား တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ကြောင်း ဗုဒ္ဓဟူးနေ့သတင်းများတွင် ဖော်ပြသည်။

အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ နိုင်ငံတစ်ဝန်းမှ တက်ရောက်လာသူ ကိုယ်စားလှယ် ၁၆၀၀နှင့် အနောက်နိုင်ငံများမှ သံတမန်များရှေ့မှောက်၌ သမ္မတ ဟာမစ်ကာဇိုင်း မိန့်ခွန်းတစ်ရပ် ပြောကြားစဉ် တာလီဘန်များက ဒုံးကျည်များ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြကြောင်း သတင်းများတွင်ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၀၀၀ စောင့်ကြပ်လျက်ရှိသော အဆိုပါဆွေးနွေးပွဲကို အာဖဂန်အမျိုးသမီးများ အသွင်ဖြင့် အသေခံဗုံးခွံဝတ်စုံများ ဝတ်ဆင်ထားသော တာလီဘန် အသေခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

တာလီဘန်အဖွဲ့သည် နိုင်ငံခြားတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်မှ ခြွင်းချက်မရှိ ထွက်ခွာမှသာ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ ပါဝင်ရန်လိုလားသည်။ လက်နက်ငယ်များ၊ ဒုံးကျည်များကိုင်ဆောင်ထားသော အသေခံတပ်ဖွဲ့ဝင် လေးဦးအား သမ္မတကာဇိုင်း ကမကထပြုသည့် ဆွေးနွေးပွဲကို ဖျက်ရန်စေလွှတ်ခဲ့ကြောင်း တာလီဘန်အဖွဲ့က ဝန်ခံပြောကြားသည်။

အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ တန်ပြန်ပစ်ခတ်မှုကြောင့် အသေခံတိုက်ခိုက်ရေးသမားတစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

ဘဂ္ဂဒက်မြို့လယ် အစိမ်းရောင်ဇုန် အီရတ်တပ်ဖွဲ့ဝင်များ အပြည့်အဝထိန်းချုပ်

ဘဂ္ဂဒက် ဇွန် ၂

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ စက်တင်ဘာလတွင် ပြန်လည်ဆုတ်ခွာရန် ပြင်ဆင်နေချိန်တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်မြို့တော်၏ လုံခြုံရေးအတင်းကျပ်ဆုံး အစိမ်းရောင်ဇုန်အတွင်းရှိ လုံခြုံမှုစစ်ဆေးရေးစခန်းများကို အပြည့်အဝထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့သတင်းများတွင် ဖော်ပြသည်။

ကန့်သတ်နယ်မြေ

အမေရိကန်တပ်ဖွဲ့များက ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီးချိန်မှစ၍ ဘဂ္ဂဒက် မြို့လယ်တွင်တည်ရှိသော အစိမ်းရောင်ဇုန်သည် သာမန်အီရတ်နိုင်ငံသားများအတွက် ကန့်သတ်နယ်မြေတစ်ခု ဖြစ်ခဲ့သည်။

ပူးတွဲထိန်းချုပ်

တိုက်ဂရစ်မြစ်ကမ်းတွင်တည်ရှိသည့် ယင်းနယ်မြေကို ပေါက်ကွဲမှုဒဏ်ခံ ကွန်ကရစ်တံတိုင်းများဖြင့် ကာရံထားသည်။ အမေရိကန်တပ်ဖွဲ့များက အဆိုပါနယ်မြေကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁ရက်တွင် အီရတ်တပ်ဖွဲ့များလက်ဝယ်သို့ လွှဲပြောင်းပေးအပ်ခဲ့သော်လည်း လုံခြုံမှုစစ်ဆေးရေးစခန်းခြောက်ခုကိုမူ အီရတ်တပ်ဖွဲ့ များနှင့် ပူးတွဲထိန်းချုပ်ခဲ့သည်။ **အင်တာနက်။**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ ပေါက်ကွဲမှုဒဏ်ခံ ကွန်ကရစ်တံတိုင်းများ ကာရံထားသော အစိမ်းရောင်ဇုန်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်း၌ သီးခြားဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် လူလေးဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

သေဆုံးသူများထဲတွင် ဆွန်နီသူပုန်အဖွဲ့ကို ဆန့်ကျင်သူအဖြစ် ထင်ရှားသော ဒေသန္တရခေါင်းဆောင်တစ်ဦး ပါဝင်ပြီး ၎င်းကို သေနတ်သမားနှစ်ဦးက အသံတိတ်ကိရိယာတပ်ဆင်ထားသော ပစ္စတိုသေနတ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဘဂ္ဂဒက်မြို့တွင်း ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ကင်းလှည့် ယာဉ်တွင်လိုက်ပါလာသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လမ်းသွားလမ်းလာ ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ ကယ်လ်ကွတ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ် တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင်လေးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုဆူးလ်မြို့၌ အီရတ်စစ်ဘက်ယာဉ်တစ်စီးကို တနင်္လာနေ့က ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အီရတ်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၍ လမ်းသွားလမ်းလာတစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

အယ်လ်ခိုင်ဒါ တတိယခေါင်းဆောင်နှင့် ၎င်း၏မိသားစုဝင်များ အမေရိကန်တို့၏ စစ်ဆင်ရေးတစ်ခုအတွင်း သေဆုံး

ဝါရှင်တန် ဇွန် ၂

အယ်လ်ခိုင်ဒါအဖွဲ့၏ တတိယခေါင်းဆောင် မူစတာဖာ အယ်လ်ယာဇစ်နှင့် ၎င်း၏ မိသားစုများသည် အမေရိကန်တို့၏ စစ်ဆင်ရေးတစ်ရပ်အတွင်း သေဆုံးခဲ့ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့က တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

အယ်လ်ခိုင်ဒါအဖွဲ့၏ထုတ်ပြန်ချက်တွင် အယ်လ်ယာဇစ်သည် အယ်လ်ခိုင်ဒါ၏ အာဖဂန်နစ္စတန်ဆိုင်ရာ ထိပ်တန်းတပ်မှူးတစ်ဦးဖြစ်ကြောင်း ဖော်ပြထားသည်။ ယာဇစ်နှင့်အတူ ၎င်း၏ ဇနီးသည်၊ သမီးသုံးဦး၊ မြေးတစ်ဦးနှင့်အတူ အခြားလူများလည်း သေဆုံးခဲ့ကြောင်း အယ်လ်ခိုင်ဒါ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ သို့ရာတွင် မည်သည့်နေရာတွင် မည်သို့သေဆုံးသည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိသကဲ့သို့ အချိန်ကာလကိုလည်း ဖော်ပြခြင်းမရှိပေ။ ယာဇစ်သေဆုံးမှု သတင်းသည် ပါကစ္စတန်မျိုးနွယ်စုဒေသများရှိ အစွန်းရောက်များ၏ အသိုက်အဝန်း၌ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ခန့်ကပင် ပျံ့နှံ့နေခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့သည် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်းနှင့်ပြည်ပစစ်ဆင်ရေးမှူးနှစ်ဦးကို ဆုံးရှုံးခဲ့ခြင်းကြောင့် ယခုအဖွဲ့၏ တတိယခေါင်းဆောင် အယ်လ်ယာဇစ်သေဆုံးမှုသည် အယ်လ်ခိုင်ဒါအတွက် ပြင်းထန်သော ထိုးနှက်ချက်ဖြစ်နိုင်ဖွယ်ရှိသည်။

အင်တာနက်။

တာလီဘန်များ သိမ်းပိုက်ထားသောခရိုင် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များ ပြန်လည်သိမ်းပိုက်

ကဘူး ဇွန် ၂

ပါကစ္စတန်နယ်စပ်အနီးရှိ တာလီဘန်များသိမ်းပိုက်ထားသော ခရိုင်တစ်ခုကို နေတိုးတပ်ဖွဲ့များ၏ အထောက်အကူဖြင့် အာဖဂန်အစိုးရတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြထားသည်။

နေတိုးတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ ပူးပေါင်းတပ်ဖွဲ့ဝင်များသည် တာလီဘန်များသိမ်းပိုက်ထားသော နူရစ္စတန်ပြည်နယ် အရှေ့တောင်ပိုင်းရှိ ဘာ့ဂ်အီးမာတယ်လ်ခရိုင်ကို ခုခံမှုတစ်စုံတစ်ရာမတွေ့ရဘဲ သိမ်းပိုက်နိုင်ခဲ့ကြောင်းဖော်ပြထားသည်။

အဆိုပါ စစ်ဆင်ရေးအတွင်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း နေတိုးတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံမှ နူရစ္စတန်ပြည်နယ်တွင်းသို့ဝင်ရောက်လာသော တာလီဘန်တပ်ဖွဲ့ဝင် ရာပေါင်းများစွာ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်အစိုးရတပ်ဖွဲ့များသည် ဘာ့ဂ်အီးမာတယ်လ်ခရိုင်မှ လွန်ခဲ့သည့်ရက်သတ္တပတ်က ဆုတ်ခွာခဲ့ရသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၆၃၂ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၈၃၃၄ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအီရတ်ပြည်သူများ	၇၀၁၆၃၂ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၈၃၃၄ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇွန် ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇွန် ၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၈၆၆ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ ၃၉၃၆၇ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၈၆၆ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၃၆၇ ဦး

အင်တာနက်။

ဦးပေါ်လွင်စိန်အား ဩစတြေးလျနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်အား ဩစတြေးလျ နေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။(သတင်းစဉ်)

✻ **ကျောဖုံးမှ**

ကွန်ပျူတာဗိုင်းရပ်စ် ဝင်ရောက်သည့်ဖြစ်ရပ်နှင့်တွေ့ကြုံခဲ့ရသည်။

အဆိုပါ မီမိုရီချစ်(ပ်)(memory Chip)မှာ မည်သူမည်ဝါမှန်းအတည်ပြုပေးနိုင်သော ကိရိယာတစ်မျိုးဖြစ်ပြီး ရေဒီယိုကြိမ်နှုန်း(radio-frequency)ဖြင့်အလုပ်လုပ်သည်။ အိမ်မွေးတိရစ္ဆာန်များ၏ လည်ပင်းတွင် ယင်းကိရိယာကို ချိတ်ဆွဲထားနိုင်ပြီး ပိုင်ရှင်ဖြစ်သူက ၎င်း၏ ကွန်ပျူတာမှတစ်ဆင့် အိမ်မွေးတိရစ္ဆာန်ရောက်ရှိနေသော နေရာကို သိရှိနိုင်မည်ဖြစ်သည်။

မည်သူမည်ဝါမှန်းအတည်ပြုပေးနိုင်သော ကိရိယာကို အီလက်ထရွန်နစ်နည်းပညာသုံး လုံခြုံရေးတံခါးများကို ဖွင့်သန်းချိန်တွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

မီမိုရီချစ်(ပ်)ပါရှိသော အီလက်ထရွန်နစ်ကိရိယာငယ်များကို ကွန်ပျူတာဖြင့် ချိတ်ဆက်အသုံးပြုနိုင်ကြောင်း၊ လူ့ခန္ဓာကိုယ်တွင် တပ်ဆင်ထားသော မီမိုရီချစ်(ပ်)ကိရိယာကို ကွန်ပျူတာနှင့် ဆက်သွယ်နိုင်ပြီး မသမာသူတစ်ဦးကြောင့် ယင်းကိရိယာအတွင်းသို့ ကွန်ပျူတာဗိုင်းရပ်စ် ဝင်ရောက်နိုင်ကြောင်း၊ ကွန်ပျူတာဗိုင်းရပ်စ်သည် ယင်းကိရိယာအတွင်းသို့ ဝင်ရောက်လာပြီးနောက် ယင်းနှင့် ချိတ်ဆက်ထားသော အခြား အီလက်ထရွန်နစ်ကိရိယာများသို့ ဆက်လက် ဝင်ရောက်နိုင်ကြောင်း မက်ဂက်ဆင်က ပြောကြားသည်။

ကွန်ပျူတာဗိုင်းရပ်စ်ဝင်ရောက်ခြင်းဖြင့် သက်ဆိုင်ရာကိရိယာမှာ အလုပ်လုပ်နိုင်တော့မည် မဟုတ်ကြောင်း၊ နှလုံးခုန်စက်ကဲ့သို့သော ကိရိယာများအတွင်းသို့ ကွန်ပျူတာဗိုင်းရပ်စ် မဝင်ရောက်စေရန် နည်းပညာအရ တီထွင်ဆန်းသစ်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်။***

ဒုတိယဝန်ကြီး ဦးမောင်မြင့် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)ကို ဘာရိန်း၊ ဆော်ဒီအာရေဗျ၊ အိုမန်၊ ကာတာ၊ ကူဝိတ်နှင့် ယူအေအီးအပါအဝင် အဖွဲ့ဝင် ခြောက်နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး ပထမအကြိမ် အာဆီယံ-ဂျီစီစီ ဝန်ကြီးအဆင့်အစည်းအဝေးကို ဘာရိန်းနိုင်ငံ မနားမားမြို့၌ ၂၀၀၉ ခုနှစ် ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။

နှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦး မောင် မြင့် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ ကျင်း ပသည့် ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) ဝန်ကြီးအဆင့် အစည်းအဝေးတွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျော့ရိုးအား နှုတ်ဆက်စဉ်။

(နိုင်ငံခြားရေး)

ညစာစားပွဲ တက်ရောက်ခဲ့

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃၀ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပရေးဆိုင်ရာ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ရိုးက အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

သတင်းကြေညာချက် ထုတ်ပြန်ခဲ့

ထို့နောက် ဇွန် ၁ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ယင်းနေ့ မွန်းလွဲပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေးဝန်ကြီးများအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးတွင် လက်ခံတွေ့ဆုံခဲ့သည်။ အစည်းအဝေးအပြီး၌ အာဆီယံ-ဂျီစီစီ နိုင်ငံခြားရေးဝန်ကြီးများက ဒုတိယအကြိမ် အာဆီယံ-ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးဆိုင်ရာ ပူးတွဲ သတင်းကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ (သတင်းစဉ်)

2010 Asian Man's Club Volleyball Championship ပြိုင်ပွဲတွင် Asia World Club အမည်ဖြင့် ယှဉ်ပြိုင်ရန် မြန်မာဘော်လီဘောအသင်းထွက်ခွာ

ရန်ကုန် ဇွန် ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhenjiang မြို့၌ ကျင်းပမည့် 2010 Asian Man's Club Volleyball Championship ပြိုင်ပွဲတွင် Asia World Club အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား ဘော်လီဘောအသင်း ၁၁ သင်း ပါဝင်ကြပြီး အုပ်စုနှစ်စုခွဲထားရာ (က)အုပ်စုတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကာဇက်စတန်နှင့် အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပါဝင်ကြကာ (ခ)အုပ်စုတွင် ဥဇဘက်ကစ္စတန်၊ အီရန်၊ ဘာရိန်း၊ ကာတာ၊ ထိုင်းနှင့် မြန်မာအသင်းတို့ ပါဝင်ကြသည်။

ပြိုင်ပွဲ၏ (ခ)အုပ်စုပြိုင်ပွဲ၌ ဇွန် ၅ ရက်တွင် ဥဇဘက်ကစ္စတန်နှင့် မြန်မာအသင်းတို့သည် လည်းကောင်း၊ ဇွန် ၆ ရက်တွင် ထိုင်းနှင့်မြန်မာအသင်းတို့သည် လည်းကောင်း၊ ဇွန် ၇ ရက်တွင် ကာတာနှင့် မြန်မာအသင်းတို့သည် လည်းကောင်း၊ ဇွန် ၈ ရက်တွင် ဘာရိန်းနှင့် မြန်မာအသင်းတို့သည်လည်းကောင်း၊ ဇွန် ၉ ရက်တွင် အီရန်နှင့် မြန်မာအသင်းတို့သည် လည်းကောင်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

Asia World Club အမည်ဖြင့် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်း၏ အုပ်ချုပ်သူအဖြစ် ဦးသိန်းဝင်း၊ နည်းပြများအဖြစ် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်၊ ဦးသိန်းဆွေနှင့် ဦးရဲမြင့်၊ ဘော်လီဘော အားကစားသမားများအဖြစ် ကျော်စွာဝင်း၊ ကျော်ဆွေ၊ ဝင်းထွန်းဦး၊ စိုင်းညီလေး၊ ပိုင်သ၊ ဒိုမေးနီကို၊ အောင်မြတ်ထွန်း၊ ကျော်ကျော်ထွေးနှင့် ချစ်ပိုပိုတို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ Zhenjiang မြို့၌ ကျင်းပမည့် 2010 Asian Man's Club Volleyball Championship ပြိုင်ပွဲတွင် Asia World Club အမည်ဖြင့် ပါဝင် ယှဉ် ပြိုင် မည့် မြန်မာ နိုင်ငံ ဘော် လီ ဘော အဖွဲ့ချုပ် အမျိုးသားလက်ရွေးစင် ဘော်လီဘောအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

(ဘော်လီဘောအဖွဲ့ချုပ်)

ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ရေအခက်အခဲရှိသော ကျေးရွာများအား စွမ်းအင်ဝန်ကြီးဌာန ရေသယ်ယာဉ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်၊ မီးသတ်ဦးစီးဌာနရေသယ်ယာဉ်၊ လူမှုဖူလုံရေးအသင်းအဖွဲ့နှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ မေ ၃၀ ရက်မှစ၍ ကျေးရွာပေါင်း ၃၁ ရွာသို့ သောက်သုံးရေ ဂါလန် ၁၅၈၄၀၀ ဖြန့်ဝေပေးစဉ်။ (မြို့နယ်စည်ပင်)

ရပ်စောက်မြို့ အင်းခေါင်းကန်ရေထွက်နှင့် နဂါးပတ်ချောင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရပ်စောက် ဇွန် ၂

မေ ၈ ရက်က ရပ်စောက်မြို့ မြို့ရေပေးရေး သောက်သုံးရေကန်ဖြစ်သော အင်းခေါင်းကန်ရေထွက်နှင့် နဂါးပတ်ချောင်းအား ရေစီးရေလာကောင်းမွန်ရေး၊ ရေထွက်အားကောင်းမွန်ရေးအတွက် မြို့ပေါ် ခုနစ်ရပ်ကွက်မှ ပြည်သူ ၂၈၀၀ တို့သည် ကန်အတွင်း သဲနုန်းများဆယ်ယူခြင်း၊ ရေညှိရေမှော်များ ဆယ်ယူခြင်း၊ ဒေသခံ သစ်လုပ်ငန်းရှင်များ၏ စက်ယန္တရားများဖြင့် နဂါးပတ်ချောင်းအတွင်း သဲနုန်းနှင့် ရေညှိရေမှော်များ ဆယ်ယူခြင်းတို့ ဆောင်ရွက်ခဲ့ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ရဲအောင် ကြည့်ရှုအားပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)** (မြို့နယ်စည်ပင်)



အလိမ္မာစာမှာရှိ

ကြည့်ရှုစစ်ဆေး

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ပြည်သူများ ပူးပေါင်း၍ မောင်တောမြို့နယ် မောင်နီကျေးရွာ၌ အသုံးပြုလျက်ရှိသော မြေသားရေလှောင်ကန် ပြန်လည်တူးဖော်ခြင်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းကျော် ကြီးကြပ်ဆောင်ရွက်နေမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မှန်လုံအိမ်ဓာတ်ငွေ့များအကြောင်း သိကောင်းစရာ

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျှော့ချရေးသည် ကျွန်ုပ်တို့လူသားမျိုးနွယ်များ၏ အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်နေပါသည်။ ထို့ကြောင့်ပင် မှန်လုံအိမ်ဓာတ်ငွေ့များ လျှော့ချရန် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO များက နည်းပေါင်းစုံဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြပါသည်။

ထို့ကြောင့် မှန်လုံအိမ်ဓာတ်ငွေ့များနှင့်ပတ်သက်၍ အခြေခံမှအစ သိရှိနားလည်ထားသင့်ပါသည်။ ကမ္ဘာကြီးကို လွှမ်းခြုံထားသော လေထု (Atomosphere)တွင် အလွှာလေးခုရှိပြီး ယင်းအလွှာအသီးသီးသည် ၎င်းတို့က စုပ်ယူနိုင်သော နေရောင်ခြည်ပမာဏပေါ်တွင်မူတည်၍ အပူချိန်အမျိုးမျိုးရှိကြပါသည်။

ကမ္ဘာနှင့်အနီးကပ်ဆုံးအလွှာကို ထရိုပိုစဖီးယား (Troposphere) ဟုခေါ်ဆိုပါသည်။ ၎င်းသည် အီကွေတာပေါ်၌ ဒု ၁၈ ကီလိုမီတာ (၁၁ မိုင်)ခန့်ရှိပြီး ဝင်ရိုးစွန်းများတွင် ဒု ရှစ်ကီလိုမီတာ ငါးမိုင်ခန့်ရှိပါသည်။ ဤလေထုသည် ကမ္ဘာကြီး၏အရွယ်အစားနှင့် နှိုင်းယှဉ်ပါက အလွန်ပင်ပါးလွှာပါသည်။ ပမာအားဖြင့် ဘောလုံးကြီးတစ်လုံးကို ပလတ်စတစ်စပါးပါးဖြင့် ဖုံးအုပ်ထားသည်နှင့်တူပါသည်။ ထို့ပြင် ယင်းသည် အခြားအလွှာများထက် သိပ်သည်းသည့်အပြင် လေထုအားလုံး၏ဒြပ်ထု ၇၅ ရာခိုင်နှုန်းခန့်ရှိသောကြောင့် အရေးပါဆုံးအလွှာလည်းဖြစ်ပါသည်။

ထရိုပိုစဖီးယားထဲတွင် ထုထည်အားဖြင့် နိုက်ထရိုဂျင် (N_2) ၇၈ ဒသမ ၀၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင်(O_2)၂၀ ဒသမ ၉၄ ရာခိုင်နှုန်း၊ အာဂွန်(Ar)သုည ဒသမ ၉၃၄ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် (CO_2) သုည ဒသမ ၀၃၅ ရာခိုင်နှုန်း၊ မီသိန်း (CH_4)သုည ဒသမ ၀၀၀၁၅ ရာခိုင်နှုန်း၊ နိုက်ထရပ်စ်အောက်ဆိုဒ် (N_2O) သုည ဒသမ ၀၀၅ ရာခိုင်နှုန်းနှင့် အိုဇုန်း (O_3)၊ နီယွန် (Ne)၊ ဟီလီယမ် (He)၊ ကရစ်ပ်တွန် (Kr)၊ ဟိုက်ဒရိုဂျင် (H_2)၊ ဇီနွန် (Xe) စသည့်ဓာတ်ငွေ့များ ရာခိုင်နှုန်းအနည်းငယ်စီ ပါဝင်ကြပါသည်။ (ယခုဖော်ပြထားသည့် ပါဝင်မှုအချိုးအစားသည် ရေခိုးရေငွေ့မပါသော လုံးဝခြောက်နေသည့် လေထုအတွက်ဖြစ်ပါသည်။)

ပါဝင်မှုအလွန်နည်းသော ဓာတ်ငွေ့များကို ရာခိုင်နှုန်းဖြင့်ဖော်ပြမည့်အစား ppm (parts per million) တစ်သန်းတွင် ပါဝင်သည့်နှုန်းဖြင့် ဖော်ပြလေ့ရှိပါသည်။ ထို့ကြောင့် CO_2 ပါဝင်မှုကို ၃၅၀ ppm N_2O ပါဝင်မှုကို သုည ဒသမ ၅ ppm၊ CH_4 ပါဝင်မှုကို ၁ ဒသမ ၅ ppm ဟု ဖော်ပြကြပါသည်။

နေမှဖြာထွက်လာသော ရောင်ခြည်များ (short wave radiation)သည် ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ ကျရောက်ပြီးသည့်အခါ ကျရောက်သည့်မျက်နှာပြင်အမျိုးအစားပေါ်တွင်မူတည်၍ အချို့ကို ကမ္ဘာမြေပြင်က စုပ်ယူထားပြီး အချို့သည် အပူလှိုင်း (long wave radiation) သို့မဟုတ် အနီအောက်ရောင်ခြည် (infrared radiation) အဖြစ် ပြောင်းလဲသွားပါသည်။ ယင်းအပူလှိုင်းများကို လေထုအတွင်းရှိ CO_2၊ N_2O၊ CH_4 စသည့် ဓာတ်ငွေ့များက စုပ်ယူထားခြင်းဖြင့် လူ၊ တိရစ္ဆာန်များနှင့် အပင်များအတွက် သင့်တင့်မျှတသောအပူဓာတ်ကို ရရှိစေပါသည်။

အေးသောနိုင်ငံများတွင် ဆောင်းရာသီ၌ သီးပင်စားပင်နှင့် ပန်းပင်များ စိုက်ပျိုးသည့်အခါ လုံလောက်သောအပူချိန်ရရှိစေရန် Greenhouse ဟုခေါ်ဆိုသည့် မှန်လုံအိမ်များအတွင်း စိုက်ပျိုးလေ့ရှိပါသည်။ နေရောင်ခြည်သည် မှန်လုံအိမ်ကို မိုးကာထားသည့် မှန် (သို့) အလင်းဖြတ်သန်းနိုင်သော ပလတ်စတစ်ကဲ့သို့ ပစ္စည်းများကိုထိုးဖောက်ပြီး မှန်လုံအိမ်အတွင်းသို့ ရောက်ရှိသောအခါ အပူလှိုင်းအဖြစ် ပြောင်းလဲသွားပါသည်။ ယင်းအပူလှိုင်းများသည် မှန်လုံအိမ်ကို မိုးကာထားသည့် မှန်၊ ပလတ်စတစ်တို့ကို ပြန်လည်ထိုးဖောက်ပြီး မထွက်ရှိနိုင်ခြင်းကြောင့် မှန်လုံအိမ်အတွင်း၌ အပူပမာဏတစ်စထက်တစ်စ များလာပြီး သီးပင်စားပင်များ ရှင်သန်ရန်အတွက် လုံလောက်သော အပူချိန်ကို ရရှိစေပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ CO_2၊ N_2O၊ CH_4 စသည့် ဓာတ်ငွေ့များသည် ကမ္ဘာကြီးကိုပူနွေးစေပြီး မှန်လုံအိမ်ကဲ့သို့ စွမ်းဆောင်ပေးနိုင်သဖြင့် ယင်းဓာတ်ငွေ့များကို မှန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases GHGs) ဟု တင်စားခေါ်ဆိုထားခြင်း ဖြစ်ပါသည်။ (မှန်ချပ်များဖြင့် မိုးကာထားသည့် Greenhouse ကို မြန်မာလို မှန်လုံအိမ်ဟုခေါ်ဆိုသင့်သောကြောင့် Greenhouse Gases ကို မှန်လုံအိမ်ဓာတ်ငွေ့များဟု သုံးနှုန်းခြင်းကပို၍ ဆီလျော်မည်ဖြစ်ပါသည်။)

ပုံမှန်အားဖြင့် လေထုအတွင်းရှိ CO_2 ပမာဏသည် အတက်အကျပြောင်းလဲမှုများစွာမရှိဘဲCO_2 စုပ်ယူမှု ပမာဏနှင့် CO_2 ထုတ်လွှတ်မှုပမာဏကို သဘာဝတရားက ချိန်ခွင်လျှာညီမျှအောင် (balance) လုပ်ပေးထားပါသည်။ ထို့ကြောင့် လူနှင့် သက်ရှိသတ္တဝါများ၊ အပင်များအတွက်လိုအပ်သည့် သင့်တင့်မျှတသော အပူချိန်ကိုရရှိနိုင်ခြင်းဖြစ်ပါသည်။

သို့ရာတွင် စက်မှုခေတ်ထွန်းကားလာသည့်အချိန်မှစတင်၍ စက်ရုံအလုပ်ရုံများ၊ စက်တပ်ယာဉ်များ တိုးပွားလာခြင်းကြောင့် ကျောက်မီးသွေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့ စသည့် ရုပ်ကြွင်းလောင်စာများ သုံးစွဲမှုတစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ရာမှ လေထုအတွင်း CO_2 အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ အဆမတန်များပြားလာခဲ့ပါသည်။ တစ်ကမ္ဘာလုံးကသုံးစွဲသည့် လောင်စာစုစုပေါင်းပမာဏ၏ ၈၅ ရာခိုင်နှုန်းသည် ရုပ်ကြွင်းလောင်စာများဖြစ်ကြောင်း မှတ်သားရပါသည်။ CO_2 အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀ အတွင်း သိသာစွာမြင့်တက်လာခဲ့ပြီး ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် ပို၍ပင် သိသာထင်ရှားစွာ မြင့်တက်လာခဲ့ကြောင်း၊ ကမ္ဘာကြီးတစ်ခုလုံးအနေဖြင့် ၁၉၉၀ ခုနှစ်က CO_2 မတ်ထရစ်တန်ပေါင်း ၂၁ ဒသမ ၉ ဘီလီယံထုတ်လွှတ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မတ်ထရစ်တန်ပေါင်း ၂၉ ဒသမ ၉ ဘီလီယံထုတ်လွှတ်ခဲ့ကြောင်း၊ CO_2 ထုတ်လွှတ်မှု အများဆုံးဖြစ်သည့် အမေရိကန်ပြည်ထောင်စုက ၁၉၉၀ ခုနှစ်က မတ်ထရစ်တန်ပေါင်း ၄ ဒသမ ၈ ဘီလီယံမှ ၂၀၀၇ ခုနှစ်တွင် မက်ထရစ်တန်ပေါင်း ၅ ဒသမ ၉ ဘီလီယံသို့လည်းကောင်း၊ CO_2 ထုတ်လွှတ်မှု ဒုတိယအများဆုံးဖြစ်သော တရုတ်နိုင်ငံက ၁၉၉၀ ခုနှစ်က မက်ထရစ်တန်ပေါင်း ၂ ဒသမ ၃ ဘီလီယံသာရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် မက်ထရစ်တန်ပေါင်း ၅ ဒသမ ၉ ဘီလီယံသို့လည်းကောင်း သိသာထင်ရှားစွာ မြင့်မားလာခဲ့ကြောင်း၊ အီးယူနိုင်ငံများအနေဖြင့် ၁၉၉၀ ခုနှစ်က CO_2 မက်ထရစ်တန်ပေါင်း ၃ ဒသမ ၆ ဘီလီယံထုတ်လွှတ်ခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် CO_2 မက်ထရစ်တန်ပေါင်း ၃ ဒသမ ၈ ဘီလီယံသာထုတ်လွှတ်ခဲ့သဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ထိန်းသိမ်းထားနိုင်ကြောင်း ကြားသိရပါသည်။ စမ်းသပ်မှုများအရ ရုပ်ကြွင်းလောင်စာ ၁ ဘီလီယံမက်ထရစ်တန်ကို လောင်စာအဖြစ် သုံးစွဲသည့်အခါတိုင်း လေထုအတွင်းသို့ CO_2 ၃ ဘီလီယံမက်ထရစ်တန်ခန့်ထုတ်လွှတ်ကြောင်း သိရှိရပါသည်။

တိုင်းတာချက်များအရ လေထုအတွင်း CO_2 ပါဝင်မှုသည် ၁၇၄၀ ခုနှစ်က ၂၇၅ ppm သာရှိခဲ့ရာမှ ၁၉၅၀ ခုနှစ်တွင် ၃၁၀ ppm ရှိခဲ့ပြီး၂၀၀၇ ခုနှစ်တွင် ၃၈၄ ppm အထိ သိသာစွာမြင့်မားလာခဲ့ပါသည်။ CO_2 အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ၏ လေထုအတွင်းပါဝင်သည့် အချိုးအစားမှာ N_2၊ O_2 စသော ဓာတ်ငွေ့များနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းသဖြင့် မူလကထက် အနည်းငယ်တိုးလာရုံမျှဖြင့်ပင် ကမ္ဘာ့အပူချိန်ကို သိသာစွာမြင့်တက်စေခြင်းဖြစ်ပါသည်။

လေထုအတွင်း CO_2 အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များပါဝင်မှုများပြားလာခြင်းကြောင့် ကမ္ဘာ့အပူချိန်သည် သိသာစွာမြင့်တက်လာခဲ့ပြီး ၎င်း၏အကျိုးဆက်အဖြစ် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများဖြစ်ပေါ်ကာ ယခင်ကထက် သဘာဝဘေးအန္တရာယ်ကျရောက်မှုများ အကြိမ်အရေအတွက်များပြားလာသည်သာမက ယခင်ကထက် ပို၍လည်း ပြင်းထန်လာပါသည်။

အပူကိုစုပ်ယူနိုင်စွမ်းရှိသော ဓာတ်ငွေ့များမှာ CO_2၊ N_2O၊ CH_4၊ ကာဗွန်မိုနောဆိုဒ် (CO)၊ O_3၊ ဟိုက်ဒရိုဖလူရိုကာဗွန် (Hydro-fluro-carbon-HFCs)၊ ပါဖလူရိုကာဗွန် (Perfluro-carbon-PFCs)၊ ဆာလ်ဖာဟက်ဆာဖလူအိုရိုက် (Sulphur hexafluoride - SF_6) စသည်တို့ဖြစ်ကြပြီး ၁၉၉၇ ခုနှစ်က ချုပ်ဆိုခဲ့သော ကျိုတိုသဘောတူညီချက် (Kyoto Protocoal) အရ ထုတ်လွှတ်မှုလျှော့ချရမည့် အဓိကဓာတ်ငွေ့ ခြောက်မျိုးမှာ CO_2၊ CH_4၊ N_2O၊ HFCs၊ PFCs နှင့် SF_6 တို့ဖြစ်ကြပါသည်။

မှန်လုံအိမ်ဓာတ်ငွေ့များ၏ အပူစုပ်ယူနိုင်မှုစွမ်းအားသည် ဓာတ်ငွေ့တစ်ခုနှင့်တစ်ခု မတူညီကြပါ။ အပူစုပ်ယူနိုင်မှု တစ်နည်းအားဖြင့် ကမ္ဘာကြီးပူနွေးအောင်စွမ်းဆောင်နိုင်မှု (Global Warming Potentials-GWPs) ကို ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programme-UNEP) က CO_2ဖြင့် စံထား၍သတ်မှတ်ပြီး CH_4 သည် CO_2 ၏ ၂၁ ဆ၊ CO သည် တစ်ဆ၊ HFCs သည် အဆပေါင်း ၁၄၀မှ ၁၁၇၀၀၊ PFCs သည် အဆပေါင်း ၆၅၀၀ မှ ၉၂၀၀၊ SF_6သည် အဆပေါင်း ၂၃၉၀၀ ခန့်နှင့်ညီမျှကြောင်း ထုတ်ပြန်ထားပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှုပမာဏပေါင်းကို ဖော်ပြရာ၌ CO_2 equivalent (CO_2e) ဖြင့် ဖော်ပြလေ့ရှိပါသည်။

အလျဉ်းသင့်၍ တင်ပြလိုသည်မှာ အိုဇုန်းဓာတ်ငွေ့သည် အပူကို အားပေးသော မှန်လုံအိမ်ဓာတ်ငွေ့များတွင် ပါဝင်သော်လည်း ကမ္ဘာ့အိုဇုန်းလွှာယုတ်လျော့လာခြင်း(သို့)ပါးလာခြင်း (Depletion of Ozone Layer) သည် ကမ္ဘာကြီးပူနွေးလာမှုနှင့်မသက်ဆိုင်ပါ။ အိုဇုန်းလွှာပါးလာခြင်းသည် လေအေးစက်၊ ရေခဲသေတ္တာများ စသည်များတွင် အသုံးပြုသည့် PFCs ဓာတ်ငွေ့များ ထုတ်လွှတ်မှုများပြားလာခြင်းကြောင့်ဖြစ်ပါသည်။ အိုဇုန်းလွှာ ပါးလာသဖြင့် နေရောင်ခြည်တွင်ပါရှိသော ခရမ်းလွန်ရောင်ခြည် (Ultra Violet Rays) များကို စုပ်ယူနိုင်စွမ်းလျော့နည်းသွားပါသည်။ ထို့ကြောင့် အရေပြားကင်ဆာကဲ့သို့သော လူများကိုအန္တရာယ်ပေးနိုင်သည့်ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်ပါသည်။ အိုဇုန်းလွှာပါးလာခြင်းကြောင့် ကမ္ဘာ့အပူချိန်ကို မမြင့်တက်စေနိုင်ပါ။

မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုအဆမတန်များပြားလာခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘာကြီးပူနွေးလာပြီး ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်ကာ ဇီဝမျိုးကွဲမျိုးစုံများ ပြောင်းလဲပျက်သုဉ်းခြင်း၊ ဂေဟစနစ်များ ပျက်ယွင်းခြင်း စသည်များကြောင့် ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိခိုက်လျက်ရှိပါသည်။ ထို့ကြောင့် မှန်လုံအိမ်ဓာတ်ငွေ့များအကြောင်းကို ဂယနဏသိရှိထားခြင်းဖြင့် ယင်းဓာတ်ငွေ့များ လျှော့ချရာတွင် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ကြပြီး ကမ္ဘာ့ပတ်ဝန်းကျင်ကို တစ်နည်းတစ်လမ်း ထိန်းသိမ်းပေးရာရောက်ကြောင်းတင်ပြရင်း ယခုလာမည့် ဇွန်လ ၅ ရက်နေ့တွင်ကျရောက်မည့် **“ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့”**ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တောင်သူလယ်သမားများသို့ မိုးစပါးကို အောင်မြင်စွာစိုက်ပျိုးနိုင်ရေး နှိုးဆော်ချက်

မုတ်သုံလေသည် ယခုအခါ မေ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်း စတင်ဝင်ရောက်ခဲ့ပြီး ဒေသအနှံ့ ရွာသွန်းနေပြီ ဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုနှင့်လျော်ညီစွာ တောင်သူလယ်သမားများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

- ယခုအချိန်မှစ၍ ထယ်ရေးကိုစောနိုင်သမျှ စောစွာပြုပြင်ထားပါ။
- ရေလုံအောင်လယ်ကန်သင်းများကို သေချာစွာ ပြုပြင်ထားပါ။
- ရေသိုလှောင်၍ ရနိုင်သည့် လမ်းဘေးမြောင်းများ၊ ချိုင့်များ၊ ကန်များ စသည်တို့တွင် ရွာသမျှမိုးရေကို ရနိုင်သမျှစုဆောင်းထားရှိနိုင်ရန် ကြိုတင်ပြင်ဆင်ပါ။
- ရေများများရရှိနိုင်သည့်နေရာများတွင် ကြိုတင်၍ စုပေါင်းပျိုးထောင်ထားပါ။
- ရေလိုအပ်ချက်နည်းသည့် သင့်တော်ရာပျိုးထောင်နည်းများဖြင့် ပျိုးထောင်ပါ။
- စပါးသက်တမ်းတိုစေနိုင်သည့် တိုက်ရိုက်အစေ့ချနည်းစနစ်ဖြင့် စိုက်ပျိုးပါ။
- ရေရရှိမှုအပေါ်မူတည်၍ ပျိုးသက်နည်းနည်းဖြင့် စိုက်ပျိုးပါ။
- သက်လတ်နှင့် သက်လျင်စပါးအထွက်ကောင်းမျိုးများကို ဦးစားပေးစိုက်ပျိုးပါ။
- ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် အမြဲဂရုစိုက်ပါ။
- အပင်ကြီးထွားမှုမြန်ဆန်စေရန်နှင့် လေလွင့်ဆုံးရှုံးမှုနည်းစေရန် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စနစ်တကျရောစပ်သုံးစွဲပါ။
- ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ပါ။ ကျရောက်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်အကူအညီတောင်းပါ။

(ဖော်ပြပါအချက်များမှ အကူအညီများလိုအပ်ပါက နီးစပ်ရာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ပါ။)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဇွန် ၂ ရက်က အီတလီသမ္မတနိုင်ငံ အမျိုးသားနေ့ ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ **Dr. Andreina MARSELLA** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၂

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ(၃၂)ပါတီအနက် "ဝ" ဒီမိုကရက်တစ်ပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ခုနှစ် ဇွန် ၂ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ(၃၂)ပါတီအနက် ပါတီ(၂၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ စိုင်းခမ်းလှိုင် လင်းခေးခရိုင် အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ ခွဲဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် လင်းခေးခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ စိုင်းခမ်းလှိုင်သည် မေ ၁၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့၌ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစိုင်းထွန်းမြနှင့် အတွင်းရေးမှူး ဦးသိန်းဌေးဝင်းတို့နှင့်အတူ လင်းခေးခရိုင် အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပြီး ဆန္ဒမဲပေးခြင်း သရုပ်ပြပွဲကို တက်ရောက်၍ လိုအပ်သည်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဒုက္ခသိရင် နိဗ္ဗာန်ရှိတယ်" တရားတော် [ဦးတေဇိန္ဒ (သွေးဆေးကန်ဆရာတော်)]
၆း၅၀ ကံကူထွန့်ခေါင်ပိတ်ချင်းမြောင်
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၅)**
၈း၃၀ Sports World (Premier League World)
၈း၅၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "တတိယမြောက်သတို့သမီး"
၉း၁၀ Electronics and Living 2010
၉း၂၅ Box Office Movies (Avator)
၉း၄၀ Activities In The City (International School of Myanmar ပန်းချီပြိုင်ပွဲ)
၁၀း၀၀ ဂီတသရုပ်ပြခန်း (မောင်မောင်ထိပ်-ရေဒီယိုအယ်လ်ဘမ်)
၁၀း၂၀ INAX Showroom ဖွင့်ပွဲ (နေပြည်တော်)
၁၀း၃၀ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ
၁၀း၅၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၀း၅၅ ဈေးဝယ်လမ်းညွှန် (Zillion Crazy Colour And Touch)
၁၁း၁၅ ဝင်းသိန်း၏ အရင်အတိုင်း ပြန်လာမယ်
၁၁း၃၅ Praram 9 Hospital (အပိုင်း-၁)
၁၁း၄၅ ပန်းတိုင်အထွက်ရရှိဖို့ ပိုက်ပျိုးစနစ်ကျင့်သုံးဖို့
၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ် (QMS 9000 Internal Auditing Skill Training)
၁၂း၁၅ အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဥယျာဉ်
၁၂း၄၀ နည်းပညာအစွမ်းထက် SOLAR HUT
၁၂း၅၀ မင်းမသိသေးပါဘူးကွာ (ဇေရာ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁း၀၀ "ဒုက္ခသိရင် နိဗ္ဗာန်ရှိတယ်" တရားတော် [ဦးတေဇိန္ဒ (သွေးဆေးကန်ဆရာတော်)]
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (Traditional Fashion)
၃း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Heart's Ease Beauty Spa ဆိုင်သစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း အခမ်းအနား)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၅)**
၄း၀၅ မူဟန်ကိုယ်စီတေးကိုသီ
၄း၁၅ Activities In The City (International School of Myanmar ပန်းချီပြိုင်ပွဲ)
၄း၂၅ INAX Showroom ဖွင့်ပွဲ (နေပြည်တော်)
၄း၃၅ ဝင်းသိန်း၏ အရင်အတိုင်း ပြန်လာမယ်
၄း၅၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် မဥ္ဇူသကလမ်းကအိမ်ကလေး)
၅း၂၀ Electronics and Living 2010
၅း၃၅ အနုပညာမိုးကောင်းကင်
၆း၀၀ MRTV-4 သတင်း
၆း၂၀ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ
၆း၃၅ ဈေးဝယ်လမ်းညွှန် (Zillion Crazy Colour And Touch)
၆း၅၀ ရန်ကုန်မြင်ကွင်းကျယ် (QMS 9000 Internal Auditing Skill Training)
၇း၁၀ Fashion Music Festival (Traditional Fashion)
၇း၃၅ Praran 9 Hospital (အပိုင်း-၁)
၇း၄၅ နည်းပညာအစွမ်းထက် SOLAR HUT
၈း၀၀ MRTV-4 သတင်း
၈း၃၀ Box office Movies (Avator)
၈း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Heart's Ease Beauty Spa ဆိုင်သစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း အခမ်းအနား)
၉း၀၅ အနုပညာမိုးကောင်းကင်
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၅)**
၁၀း၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "တတိယမြောက်သတို့သမီး"
၁၀း၁၅ ဂီတသရုပ်ပြခန်း (မောင်မောင်ထိပ်-ရေဒီယိုအယ်လ်ဘမ်)
၁၀း၃၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် မဥ္ဇူသကလမ်းကအိမ်ကလေး)
၁၁း၀၀ စွမ်းအားစက်မှုအရင်းပြု စီမံဆောင်ရွက်နိုင်ငံ့အတွက် ထုတ်လုပ်နေတာမြန်မာ့တာယာ
၁၁း၂၅ ခနုရိုးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၁၁း၃၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၁၁း၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂

ဒေသကောလိပ်(၂) ၁၉၇၈ ခုနှစ် ရေထွက်ပစ္စည်းမွေးမြူရေး (First batch)၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကိုကျင်းပမည်ဖြစ်ရာ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဇွန် ၅ ရက် (စနေနေ့) ညနေ ၆ နာရီတွင် ဝါးတန်းလမ်းရှိ Dorene စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဒေါက်တာမြင့်ဇော် ဖုန်း-၀၉၅၀၀၆၁၃၅၊ ဒေါက်တာတင်ယု ဖုန်း-၀၉၅၀၀၁၅၅၄၊ ဦးမျိုးညွန့် ဖုန်း-၀၉၅၀၀၆၃၉၃နှင့် ဦးသိန်းကို ဖုန်း-၀၅၀၀၆၂၂၉ တို့သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လမ်းမတော်ထွေ/အုပ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၈ ရက်က လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားပြီး အထက်တန်းအဆင့် နှစ်ဦး၊ အလယ်တန်းအဆင့် ငါးဦး၊ မူလတန်းအဆင့် ငါးဦး စုစုပေါင်း ၁၂ ဦးတို့အတွက် ငွေသားနှင့်စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ပထမဆုရ ထင်လင်းကျော် ရေးသားသည့် "အောင်ဘာလေထီသမိုင်း" စာအုပ်ကို စာအုပ်အသင်း၏ (၆၀)အုပ်မြောက်စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ "Network Activities Group Myanmar" ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇွန် ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ မောင်ဝံသက "နိုင်ငံတည်ဆောက်ရေးနှင့် မီဒီယာအခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ရန်ကုန် ဇွန် ၂

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ရက် နံနက်က ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဂန့်ဂေါခရိုင် ဥက္ကဋ္ဌ ဦးမြင့်လှိုင်နှင့် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်တို့က အမှာစကားပြောကြားကြသည်။ (ခရိုင်ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကျောင်းအပ်နှံရေးနေ့အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၁ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးသီတင်းပတ် ကျောင်းအပ်နှံရေးအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူးနှင့် တိုင်းပညာရေးမှူးတို့မှ စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့တော်ခန်းမအတွင်း၌ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့ရာ အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းပညာရေးမှူးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် စစ်ကိုင်းတိုင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းအပ်နှံမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေနှင့် ဗလာစာအုပ်များအား တိုင်းမှူးက ပေးအပ်လှူဒါန်းရာ တိုင်းပညာရေးမှူးနှင့်ခရိုင်ပညာရေးမှူးတို့က လက်ခံရယူကြသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်"သီချင်းသီဆို၍ အခမ်းအနားကိုအောင်မြင်စွာရုပ်သိမ်းလိုက်ကြောင်း သိရသည်။

၎င်းမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားမိဘများမှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံရေးကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့်ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ တိုင်းမှူးသည် အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုပြီး ပစ္စည်းများပေးအပ်လှူဒါန်းခဲ့သည်။

နေ့လယ်ပိုင်းတွင် တိုင်းမှူးသည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားသို့ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ မြို့မိ၊ မြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးက ဆေးလိပ်၊ ဆေးရွက်ကြီး အကြောင်း သိကောင်းစရာများ ရှင်းလင်းတင်ပြသည်။ ယင်းနောက်တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်"ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် ပညာပေးစာစောင်များ၊ စာအုပ်များ၊ ကျန်းမာရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ နံရံကပ်ပိုစတာများအား လှည့်လည်ကြည့်ရှုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ကျောင်းဝတ်စုံများ လှူဒါန်း

ရန်ကုန် ဇွန် ၂

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ခရမ်းမြို့နယ်အတွင်းမှ နွမ်းပါးသည့် ကလေးငယ်များ ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းဝတ်စုံ၊ စာအုပ်၊ လွယ်အိတ်၊ မိုးကာ စသည်များ ပေးအပ်လှူဒါန်းပွဲကို မေ ၃၁ ရက်တွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းနှင့် ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းလွင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းဝတ်စုံ၊ စာအုပ်၊ လွယ်အိတ်၊ မိုးကာစသည်တို့ကို ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား တိုက်ရိုက်ပေးအပ်လှူဒါန်းကြ၍**(အပေါ်ပုံ)** မြို့နယ်ပညာရေးမှူး/ဦးစိန်သန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်းသည့် ပစ္စည်းများမှာ ငွေကျပ် ၁၇၇၇၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ အစုံ ၈၀၀၊ စာအုပ် အစုံ ၈၀၀ နှင့် လွယ်အိတ်အလုံး ၈၀၀၊ အလှူရှင် ဦးမြင့်အောင် - ဒေါ်လှလှစိန် မိသားစုက လှူဒါန်းသော ငွေကျပ် ၄၅၀၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်၊ ခဲတံ၊ လွယ်အိတ်နှင့် မိုးကာတို့ဖြစ်သည်။ (သတင်းစဉ်)

မေ ၃၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် (မထသ) မှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကျင့်သုံးရေး ပညာပေးမွမ်းမံသင်တန်းကို တိုက်ကြီးမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးဝင်းမြင့်အောင်က စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်လေ့ရှိသော ယာဉ်တိုက်မှုများကို ယာဉ်မောင်း၊ ယာဉ်နောက် လိုက်များအား အသိပညာပေးဟောပြောစဉ်။ (၅၂၆)

ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်ဘီးများ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါ စည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာအရေးယူခြင်းခံရမည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးသန်းလှိုင် - ဒေါ်မြင့်မြင့်သန်းတို့၏ ဇွန် ၂ ရက်တွင် ကျရောက်သော (၃၅) နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး၊ ဆွမ်း ပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးဝင်းလွင် လက်ခံစဉ်။ (သံဃာ့ဆေးရုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၆-၂၀၁၀ (ကြာသပတေးနေ့)

[၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော်(၇)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ ၇။ လက်ပံလှတံတား
- ၈း၂၀ ၈။ အကပဒေသာ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် [Delta United F.C နှင့် ဉဿာယူနိုက်တက် F.C]
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (အိမ်တွင်းစီးပွား၊ ဥပဒေပညာအထူးပြုများ) (စီးပွားရေးပညာ)
- ၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၃၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၃၅ ၆။ "ရင်ခုန်စောင့်စားကမ္ဘာ့ဖလား" [အုပ်စု (C)]
- ၅း၄၅ ၇။ "သယံဇာတဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်"
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ **ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၉) (ငြိမ်းချမ်း၊သူရလင်း၊ စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၃၅ ၁၁။ ထူးဆန်းထွေလာများကို သိပွဲဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဆူးလွှမ်းသောချစ်နှင်းဆီ" (ဒုတိယပိုင်း) (အပိုင်း-၆)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၀)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၄၈)**
- ၁၈။ အစီအစဉ်ပြီး၏။

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

နေပြည်တော် ဇွန် ၂

နေပြည်တော်တပ်ကုန်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အသီးသီးမှ ဦးစီးအရာရှိများ၊ ရပ်ကွက်၊ ကျေးရွာကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁) ဒုတိယရဲမှူး အုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်သိန်းက ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များကို မြို့နယ်ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁) ဒုတိယရဲမှူးအုန်းလှိုင်က မြို့နယ်အဆင့် ဌာနဆိုင်ရာတစ်ခုချင်းသို့ လည်းကောင်း၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးကျော်သိန်းက ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများသို့ လည်းကောင်း အသီးသီးပေးအပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၅၆၄)

ညနေပိုင်း ထမင်း၊ ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း/ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူ ဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မေ ၂၀ ရက်က စဉ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု ဇော်ဂျီမြစ်ကူး(စံပြ) တံတားဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

မန္တလေးတိုင်း ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၂

မန္တလေးတိုင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက တိုင်း၊ နိုင်ငံအားလုံး ကျောင်းအပ်ပါစို့ကွယ် တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျောင်းအပ်နှံရေးနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက အလှူငွေများနှင့် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ပြသထားသော ကျောင်းအပ်နှံရေးနေ့ မှတ်တမ်းဓာတ်ပုံများနှင့် ကျောင်းဝင်းအတွင်း ကျောင်းအပ်နှံမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအပ်နှံမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဖတ်စာအုပ်များကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း၌ ရေကန်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း ဈေး၊ ဥယျာဉ်နှင့် အခွန်လွတ်ဈေး စည်ပင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ပိတောက်ချောင်းအနီး ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ် ချထားမည့်မြေနေရာ၌ တစ်ထပ်ဈေးရုံနှင့် ဆိုင်ခန်းများ တည်ဆောက်နေမှုကို လည်းကောင်း၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ဥယျာဉ်တင့်တယ်မှုရှိရေးနှင့် ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရန် အလျားပေ ၁၀၀၀ နှင့် အနံ ၁၂၉ ပေရှိ ရေကန်သစ် တည်ဆောက်နေမှုနှင့် အဝင်လမ်းအား ကြွေပြားများခင်းကျင်းနေမှုကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ဂန္ဓမာလမ်းရှိ ဂန္ဓမာအားကစားကွင်း၌ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးဖွင့်လှစ်ရန် ဆောင်ရွက်နေမှုလုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီး ရေတွင်းများ ကြုံခိုင်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ ဝက်ခံကျေးရွာတွင်းတိမ်ရေတွင်း ရေထွက်ရှိမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးပြည်စိုးဝင်းကျော်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စားဖိုမှူးကြက်သားမှုန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိ

ရန်ကုန် ဇွန် ၂

အိမ်ရှင်မတိုင်းအတွက် ဆောင်ထားသင့်သော စားဖိုမှူးကြက်သားမှုန့်ကို ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အိမ်ရှင်မများ ဝယ်ယူရရှိနိုင်အောင် ပန်းတိုင် စားသောက်ကုန်လုပ်ငန်းက ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

စားဖိုမှူး ကြက်သားမှုန့်သည် သဘာဝပစ္စည်းများဖြင့် အထူးစီမံထုတ်လုပ်ထားပြီး နေ့စဉ် ကြော်လှော်ချက်ပြုတ် လက်သုပ်စသည့် ဟင်းလျာစားဖွယ်ရာများနှင့် တရုတ်ဟင်းလျာများတွင် အသုံးပြုနိုင်ရုံသာမက ကြက်သားအရသာခံစားလိုသည့် စားသောက်ဖွယ်ရာတိုင်းတွင် ထည့်သွင်းသုံးစွဲနိုင်ကြောင်း၊ ဟင်းချိုသောက်သုံးလိုသူများအတွက် ရေနွေးပူပူတွင် စားဖိုမှူးကြက်သားမှုန့် ဟင်းစားဇွန်း တစ်ဇွန်းထည့်ကာ ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်းအုပ်ပြီး သောက်သုံးခါနီးတွင် သံပရာရည် အနည်းငယ်ညှစ်ထည့်ရုံဖြင့် အရသာကောင်းမွန်သော ဟင်းချိုတစ်ခွက်အဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

စားဖိုမှူးကြက်သားမှုန့်ကို စားသုံးခြင်းကြောင့် ရင်ပူခြင်း၊ ရေငတ်ခြင်း၊ မျက်နှာနီမြန်းခြင်းနှင့် ကိုယ်လက် မအီမသာဖြစ်ခြင်းစသည့် ဘေးဥပဒ်များ လုံးဝခံစားရခြင်း မဖြစ်သည့်အပြင် မြန်မာနိုင်ငံ အစားအသောက် ကြီးကြပ်ကွပ်ကဲရေးဌာန၏ စစ်ဆေးမှုခံယူကာ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

စားဖိုမှူးကြက်သားမှုန့်အပြင် Goal ဟင်းအသားမှုန့်ကိုလည်း ထုတ်လုပ်ဖြန့်ချိလျက်ရှိရာ စားဖိုမှူး ကြက်သားမှုန့်ကဲ့သို့ သုံးစွဲနိုင်သည့်အပြင် သက်သတ်လွတ် စားသုံးသူများအတွက် အထူးသင့်လျော်သော ဟင်းခတ်မှုန့်ဖြစ်သည်။ အသားကဲ့သို့ အရသာပေးစွမ်းနိုင်သောကြောင့် အသားမှုန့်ဟု တင်စားခေါ်ဝေါ်ထားခြင်းဖြစ်ပြီး မည်သည့်အသားမှ ပါဝင်ခြင်းမရှိသည့်အတွက် လူသားအားလုံး ကျန်းမာအောင် Goal Powder (ဟင်းခတ်မှုန့်) ကို အိမ်တိုင်းဆောင်ထားသင့်ကြသည်။



ဆက်သွယ်နိုင်

နိုင်ငံတကာ အရည်အသွေးမီ စားဖိုမှူးကြက်သားမှုန့်နှင့် Goal ဟင်းအသားမှုန့် (ဟင်းခတ်မှုန့်) များကို စူပါမားကက်များ၊ အမြို့မြို့ရှိ စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည့်အပြင် နယ်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ ပန်းတိုင် စားသောက်ကုန်လုပ်ငန်း (Goal Food Industrial Private Ltd.) အမှတ် ၂၉၂၄-၂၉၂၅၊ စက်မှုပတ်လမ်း ၆၃-ရပ်ကွက် စက်မှုဇုန် (၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်မြို့၊ဖုန်း-၇၃၀၀၉၁၃၈ နှင့် ၀၁-၅၉၄၄၉၇ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလ ကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက် မလုံလောက်သည့် ရေမွှာပေါက် ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင် နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲခြင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာ ဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း သန့်ရှင်းရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အာဇာနည်လမ်း တစ်လျှောက် အမှိုက်များ ရှင်းလင်းခြင်း၊ မီးရှို့ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့ အနီးကပ် ကြပ်မတ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံတွင် ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၁၉၉၇ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုလျှင် ၁၄ နှစ်ကာလရောက်ရှိနေပြီဖြစ်ကြောင်း၊ အားကစားလေ့ကျင့်ရေးသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်မှာလည်း န၀မ ပညာသင်နှစ်ကိုရောက်ရှိနေပြီဖြစ်ကြောင်း၊ လာမည့်၂၀၁၃ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံပြီး နေပြည်တော်မှာ ခမ်းခမ်းနားနား အောင်မြင်စွာကျင်းပမှာဖြစ်ပြီး ၂၀၁၀ခုနှစ် တစ်နှစ်လုံးကို သွေးသစ်ရွေးချယ်ရေးနှစ်အဖြစ်သတ်မှတ်ပြီး ပြည်နယ်/တိုင်းအသီးသီးက အလားအလာရှိသည့် ရှက်ပုံးသီး အားကစားသမားများရရှိရန် အောက်ခြေအထိ နယ်မြေအနှံ့ဆင်းပြီး ရှာဖွေစုဆောင်းရွေးချယ်လေ့ကျင့်ဖို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အားကစားလေ့ကျင့်ရေးအတွက် တာဝန်ယူဆောင်ရွက်သွားကြမည့် တာဝန်ခံနည်းပြအရာရှိ၊ ပညာသင်ကြားမှုကဏ္ဍကို တာဝန်ယူသွားမည့် ပညာရေးဆိုင်ရာကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများသည် မိမိတို့၏ အခန်းကဏ္ဍအလိုက် အစွမ်းကုန်ဝိုင်းဝန်းကြိုးပမ်း လေ့ကျင့်သင်ကြားပေးသွားကြရန် တိုက်တွန်းပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က အားကစားနည်းအလိုက် နည်းပြဆရာများအတွက် နည်းပြဝတ်စုံစရိတ်နှင့် သင်တန်းကျောင်းဆရာ၊ ဆရာမများအတွက် ဝတ်စုံစရိတ်တို့ကိုလည်းကောင်း၊ Youth Development Programme အစီအစဉ်အရ ထောက်ပံ့ပေးသည့် အားကစားအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ ဝန်ကြီး သူရဦးအေးမြင့်ထံသို့ မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာကော်မတီက ငွေကျပ်သိန်း ၂၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ကျော်သာကုမ္ပဏီလီမိတက်မှ ဦးဝင်းလွင်က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေးမှ ဦးတင့်ဆန်းက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အထူးနေ့လယ်စာ ကျွေးမွေးစရိတ်အတွက် ငွေကျပ် ရှစ်သိန်း၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထက်ညီက ငွေကျပ်ငါးသိန်း၊ K.S.S ကုမ္ပဏီမှ ဦးထွန်းမြင့်နှင့် ဇနီး ဒေါ်အေးအေးညွန့် (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်)တို့က ငွေကျပ်သုံးသိန်း၊ Myint & Associated Co., Ltd. မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ငွေကျပ်သုံးသိန်း၊ Horizon International Education Centre MD. ဦးရဲထွန်းက ငွေကျပ်နှစ်သိန်း၊ JADE LAND MYANMAR Co.,Ltd. မှ ဦးဂျေဂန်ဖန်က ငွေကျပ်နှစ်သိန်း၊ Sports World Trading Co., Ltd. မှ ငွေကျပ်တစ်သိန်း၊ အိုလံပစ်သောက်ရေသန့်မှ ဦးတင်စိုးက ငွေကျပ် တစ်သိန်းငါးသောင်းတန်ဖိုးရှိ ရေသန့်ဘူးများနှင့် Golden Tex Co.,Ltd. မှ ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါသင်တန်းတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းသား ၃၁၉ ဦးတို့ကို အားကစားနည်း(၁၂)နည်း သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဦးသန့်ကျော်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်အား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

မြောင်းမြခရိုင် သီးနှံအထွက်တိုးရေး နည်းပညာပေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂

ဧရာဝတီတိုင်း မြောင်းမြခရိုင် သီးနှံအထွက်တိုးရေးနည်းပညာပေးဆွေးနွေးပွဲကို မေ ၁၁ ရက်တွင် မြောင်းမြမြို့ရှိ မြောင်းမြခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး၌ ကျင်းပရာ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်တို့မှ မြို့နယ်မန်နေဂျာ၊ ဒုတိယမန်နေဂျာနှင့် ကွင်းဝန်ထမ်းများအားလုံး တက်ရောက်ကြသည်။

သင်ကြားပို့ချ

ဆွေးနွေးပွဲတွင် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်း၊ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်ရဲမှူးငွေးအောင်၊ ခရိုင်အတွင်းရေးမှူး ဦးမြင့်ငွေ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုင်းကြာအုံတို့က ဆွေးနွေးမှာကြားကြပြီး တိုင်းမျိုးစေ့၊ ပိုးမွှားရောဂါ၊ မြေအသုံးချရေး တာဝန်ခံနှင့် မြောင်းမြဗဟိုခြံတာဝန်ခံတို့က သီးနှံအထွက်တိုးရေးအတွက် သင်ကြားပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံး၊ ဓာတ်ပုံရောင်စုံဓာတ်ပုံနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် ဇွန် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများအတွက် ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Everyone Counts" မြန်မာဘာသာဖြင့် "မထပ်မကျန်မှန်ကန်မှု၊ အချက်အလက်တွေ စုံအောင်စု၊ လူဦးရေနှင့် ဖွံ့ဖြိုးမှု" ဖြစ်သည်။

ပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်(၅)ဆင့်ခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ အဆင့်(၁)တွင် အသက် ၆ နှစ်မှ ၈ နှစ်၊ အဆင့်(၂)တွင် အသက် ၉ နှစ်မှ ၁၂ နှစ်၊ အဆင့် (၃)တွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အဆင့် (၄)တွင် အသက် ၁၆နှစ်မှ ၁၈နှစ်၊ အဆင့်(၅) အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲတွင် အသက် ၁၉ နှစ်နှင့် အထက်ရှိသူများဖြင့် သတ်မှတ်ထားသည်။ အဆင့်(၁)မှ အဆင့်(၄)ထိပြိုင်ပွဲများကို ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှုကြီးမှူး၍ နေပြည်တော်နှင့် ပြည်နယ်/တိုင်းမြို့တော်များရှိ သတ်မှတ်ထားသော နေရာများ၌ ဇွန် ၁၂ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁ နာရီအထိ ၄ နာရီကြာကျင်းပသွားမည်ဖြစ်သည်။ ပြည်သူ့အင်အားဦးစီးဌာနကထုတ်ပေးမည့် ၁၅ လက်မ× ၂၀လက်မ ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆင့်(၁)မှ အဆင့်(၄)ထိ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ပြည်နယ်/ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများနှင့် နေပြည်တော်ခရိုင်အတွက် ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတွင် ဇွန် ၁၁ ရက် နောက်ဆုံးထား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့်အတူ စာရင်းပေးသွင်းထားရမည်။

အဆင့်(၅)အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအတွက် ၁၈ လက်မ× ၂၄ လက်မအရွယ် မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများနှင့် နေပြည်တော်ပျဉ်းမနားမှ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးရုံးသို့ ဇွန် ၁၁ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ပိုစတာများပေးပို့ရမည်။သက်ဆိုင်ရာပြည်နယ်/ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် နေပြည်တော်ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြိုင်ပွဲဝင်ပိုစတာများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ်(၄၈) နေပြည်တော်သို့ ဇွန် ၂၂ ရက်နေ့အရောက် တိုက်ရိုက်ပေးပို့ရမည်။

ကျင်းပ

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့် အထူးဆုငါးဆုအဖြစ် ငွေကျပ် သုံးသောင်းစီသတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်နှင့် အထူးဆုငါးဆု ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်/ ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့်(၈၊၉၊၁၀)တန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် (၅၊ ၆၊ ၇)တန်း အဆင့်သုံးဆင့်ခွဲ၍ နေပြည်တော်နှင့် ပြည်နယ်/ တိုင်း မြို့ကြီးများတွင် ဇွန် ၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆုငါးဆု ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ × ၁၅ လက်မထက်မငယ်သော အရွယ်အစား Print ပုံဖြင့် အရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် အထူးဆုငါးဆု ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ်(၄၈) နေပြည်တော်သို့ ဇွန် ၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများက တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ Digital နည်းစနစ်ဖြင့် ဖြည့်စွက်၊ ပယ်ဖျက်ထားခြင်း မရှိကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်းဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့်အကြောင်းအရာ (Caption)အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ပြိုင်ပွဲဝင်လိုသူများသည် စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာမျက်နှာ တစ်ဖက်တည်းတွင် စာလုံးရေသုံးထောင်မှ ငါးထောင်အတွင်းရေးသားပြီး ပြိုင်ပွဲဝင်တစ်ဦးအတွက် ဆောင်းပါးစာမူတစ်ပုဒ်သာ တင်သွင်းခွင့်ရှိသည်။ စာမူ မူရင်းနှင့်မိတ္တူကို ကိုယ်တိုင်ရေးစာမူ ဖြစ်ကြောင်း ဝန်ခံချက်ရေးသားပေးပို့ရမည်။ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့် ဖော်ပြပြီး အဘအမည်၊ အသက်(မွေးသက္ကရာဇ်)၊ ကျား/ မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ ပြည်နယ်/ တိုင်းတို့ကို ပြည့်စုံစွာဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စပို့ဓာတ်ပုံသုံးပုံပူးတွဲ၍ ပြိုင်ပွဲဝင်စာမူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ်(၄၈) နေပြည်တော်သို့ ဇွန် ၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆုငါးဆုအား ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရသူများကို ဇူလိုင် ၁၁ရက် နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ချီးမြှင့်ပေးမည်ဖြစ်သည်။

ကြည့်ရှုနိုင်

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို နေပြည်တော်တွင် ရုံးအမှတ်(၄၈) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် နေပြည်တော်ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ ကျန်ဒေသများအတွက် သက်ဆိုင်ရာ ပြည်နယ်/ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် လည်းကောင်း ကြည့်ရှုနိုင်သည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက ပိုစတာပြိုင်ပွဲနှင့်ပတ်သက်၍ ဦးအောင်မြင့် (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၅၊ စာစီစာကုံးပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဦးဝင်းမြင့် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၅၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဒေါ်ညွန့်ညွန့်ရည် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၈၊ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဒေါ်ယဉ်ယဉ်ကြိုင် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၉၊ Fax-၄၃၁၀၆၆ သို့ လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် မြန်မာနိုင်ငံဓာတ်ပုံအသင်း (ရန်ကုန်မြို့) ဖုန်း-၀၁-၃၇၃၁၆၇ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဌေးနိုင်ခေါင်းဆောင်သည့် အဖွဲ့ဝင် ဗိုလ်မှူးကြီးတင်မောင်နိုင်နှင့် ဗိုလ်ကြီးသိန်းထွန်း(ငြိမ်း)တို့ ပါဝင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုး၌ မေ ၂၈ မှ ၂၉ ရက်ထိကျင်းပသော ၂၀၁၀ အာရှမသန်စွမ်းသူများအားကစားပွဲအတွက် အကြိုအစည်းအဝေး တက်ရောက်ခဲ့ပြီး မေ ၃၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

၂၀၁၀ အာရှ မသန်စွမ်းသူများအားကစားပွဲ (2010 ASIAN PARA GAMES) ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၉ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်၊ ဘော်လီဘောနှင့် ရေကူးအားကစားနည်း သုံးမျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ လူရွေးချယ်ရေး အကြိုပြိုင်ပွဲများကို စက်တင်ဘာလ တတိယပတ်အတွင်း ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းနှင့် သက်ဆိုင်ရာနေရာများ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဌေးနိုင်ခေါင်းဆောင်သည့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးတွင် ကျင်းပသည့် ၂၀၁၀ အာရှမသန်စွမ်းသူများအားကစားပွဲအတွက် အကြိုအစည်းအဝေး တက်ရောက်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆို နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတောင်ကြီးမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၅၆ လက်မနှင့် မုဒုံမြို့တွင် ၂ ဒသမ ၅၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

ဇွန် ၃ ရက် ညနေထိခန့်မှန်းချက်။ ။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၉၄ ဒီဂရီဖာရင်ဟိုက်		၁-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၇ ဒသမ ၁ ဒီဂရီစင်တီဂရိတ်) ၈၁ ဒီဂရီဖာရင်ဟိုက်		၂-၆-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၂ ရာခိုင်နှုန်း	၂-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	၅ ဒသမ ၄ နာရီခန့်	၁-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂-၆-၂၀၁၀	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၁၀ မှ	၃၀၄ မမ	၃၀၈မမ	၃၂၈မမ
ယနေ့အထိ	(၁၁. ၉၇လက်မ)	(၁၂. ၁၃လက်မ)	(၁၂. ၉၁ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁-၆-၂၀၁၀ ရက် ၁၄း၃၀ နာရီ အချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

ဘရာဇီး၊ ပေါ်တူဂီနှင့် အိုင်ဗရီကို့စ်တို့ ခြေကုန်ထုတ်ရုန်းရမည့် အုပ်စု(G)

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(G)မှာ ဘရာဇီး၊ ပေါ်တူဂီ၊ အိုင်ဗရီကို့စ်နဲ့ မြောက်ကိုရီးယားတို့ ပါဝင်နေတာကြောင့် အုပ်စုကျပ်တယ်လို့ဆိုရမှာပါ။ ဒီအုပ်စုရဲ့ ပွဲစဉ်တွေကို ဇွန် ၁၅ ရက်မှာ စတင်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။

ဘရာဇီး

ကမ္ဘာ့အဆင့် သတ်မှတ်ချက်(၁)က ဘရာဇီးဟာ ကမ္ဘာ့ဖလားပြိုင်ပွဲ(၁၈) ကြိမ်ကျင်းပပြီးစီးခဲ့ရာမှာ (၁၈)ကြိမ်လုံး ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားတဲ့ တစ်ခုတည်းသောအသင်းပါ။ အဲဒီ (၁၈)ကြိမ် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာမှာ ဆွီဒင်နိုင်ငံမှာ ကျင်းပတဲ့ ၁၉၅၈ကမ္ဘာ့ဖလား၊ ချီလီမှာ



ဘရာဇီးကွင်းလယ်၏ အဓိက မောင်းနှင်အား ကာကာ။

ကျင်းပခဲ့တဲ့ ၁၉၆၂ ကမ္ဘာ့ဖလား၊ မက္ကဆီကိုမှာကျင်းပခဲ့တဲ့ ၁၉၇၀ ကမ္ဘာ့ဖလား၊ အမေရိကန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ၁၉၉၄ ကမ္ဘာ့ဖလားနဲ့ ဂျပန်-တောင်ကိုရီးယား နှစ်နိုင်ငံပူးတွဲကျင်းပခဲ့တဲ့ ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့မှာ ချန်ပီယံဖြစ်ထားပါတယ်။ ဒီနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မယ့် ဘရာဇီးအသင်းမှာ ဂိုမက်စ်၊ ဂျူလီယိုဆီဇာ၊ မိုင်ကွန်၊ လူစီယို၊ အဲလ်ဗစ်၊ မီလို၊ ဂီဘာတိုဆေးလ်ဗား၊ ကာကာ၊ ကလီဘာဆင်၊ ဖေဘီယာနို၊ ရော်ဘင်ဟိုနဲ့ ဘာတစ္စတာတို့လို အတွေ့အကြုံရှိ ကစားသမားတွေ ပါဝင်နေပါတယ်။ ဒါကြောင့် နည်းပြဒွန်ဂါဟာ သူကိုင်တွယ်တဲ့ ဘရာဇီးအသင်းကို အုပ်စုက ကျော်ဖြတ်နိုင်အောင် စွမ်းဆောင်ပေးနိုင်မှာပါ။

မြောက်ကိုရီးယား

အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ၁၉၆၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို တစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးတဲ့ မြောက်ကိုရီးယားဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၁၀၆) မှာရှိနေပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ဝေးကွာခဲ့ရတာ ၄၄နှစ်ရှိပြီဖြစ်တဲ့ မြောက်ကိုရီးယားအသင်းဟာ ကံကောင်းထောက်မစွာနဲ့ ခြေစစ်ပွဲအောင်ခဲ့ပေမယ့် ကံဆိုးစွာပဲ ဘောလုံးအင်အားကြီးမားတဲ့ ဘရာဇီး၊ ပေါ်တူဂီ၊ အိုင်ဗရီကို့စ်တို့နဲ့ တစ်အုပ်စုတည်း ကျရောက်ခဲ့တာကြောင့် မြောက်ကိုရီးယားအသင်းဟာ အုပ်စုအဆင့်နဲ့သာ ကျေနပ်ရမှာပါ။

ပေါ်တူဂီ

ကမ္ဘာ့ဖလားပြိုင်ပွဲကို လေးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ထားဖူးတဲ့ ပေါ်တူဂီဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၃)ဆိုပေမယ့် ခြေစွမ်းက အားရစရာမရှိလှပါဘူး။ ပေါ်တူဂီအသင်းမှာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား စီရော်နယ်လ်ဒိုအပြင်

ပေါ်တူဂီအသင်း အုပ်စုတက်ရေး အဓိက စွမ်းဆောင်ပေးမည့် စီရော်နယ်လ်ဒို။

ကာဗယ်ဟို၊ ဖာရဲရား၊ ရီကာဒိုကော့စတာ၊ တီယာဂို၊ ဒေကိုနဲ့ နာနီတို့လို ကစားသမားကောင်းတွေ ရှိနေပါတယ်။ ဒါကြောင့် ပေါ်တူဂီအသင်းဟာ ခြေစစ်ပွဲတွေမှာ ခြေစွမ်းမပြနိုင်ခဲ့ပေမယ့် ချပြိုင်ပွဲမှာတော့ အုပ်စုက ကျော်ဖြတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

အိုင်ဗရီကို့စ်

ကမ္ဘာ့အဆင့် (၂၇)က အိုင်ဗရီကို့စ်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၀၆ ခုနှစ်ကတစ်ကြိမ်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ အိုင်ဗရီကို့စ်အသင်းမှာ ဒရော့ဘာ၊ ယာယာတိုရေး၊ ကိုလိုတိုရေး၊ အီဘိုယေး၊ ဆော်လမွန်ကာလူးတို့လို ကစားသမားကောင်းတွေ ရှိနေပေမယ့် အုပ်စုကျော်နိုင်ရေးအတွက် ပေါ်တူဂီနဲ့ အပြိုင် ကြိုးစားရဦးမှာပါ။

ဒီအုပ်စုက ပထမရတဲ့အသင်းဟာ အုပ်စု (H)က ဒုတိယအသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပြီး ဒုတိယရတဲ့အသင်းက အုပ်စု(H)က ပထမရတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အင်္ဂလန်အသင်းလူစာရင်းတွင် ဝေါလ်ကော့ ချန်လှပ်ထားခြင်းခံရ

လန်ဒန် ဇွန် ၂

ဇွန် ၁၁ ရက်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်း၏ အပြီးသတ်လူစာရင်းကို နည်းပြကာပယ်လိုက ယမန်နေ့က ထုတ်ပြန်ခဲ့ရာ အသက်(၂၁)နှစ်ရှိ တောင်ပံတိုက်စစ်မှူး ဝေါလ်ကော့မှာ အံ့ဩဖွယ် ကောင်းလောက်အောင်ချန်လှပ်ထားခြင်းခံခဲ့ရသည်။

ဝေါလ်ကော့အပြင် ပဏာမလူစာရင်းတွင်ပါဝင်ခဲ့သည့် ဒါရင်ဘန့်၊ အက်ဒမ်ဂျွန်ဆင်၊ စကော့ပါကား၊ ဒေါ်ဆင်၊ ဘိန်းနပ်စ်နှင့် ဟက်ဒယ်စတုန်း တို့လည်း အပြီးသတ်လူစာရင်းတွင် ပါဝင်လာခြင်း မရှိခဲ့ပေ။ ကာပယ်လိုထုတ်ပြန်လိုက်သည့် ကစားသမား ၂၃ ဦးစာရင်းမှာ ဂိုး-ဂျိုးဟတ်(မန်စီးတီး)၊ ဒေးဗစ်ဂျိမ်း(ပို့စ်မောက်)၊ ရောဘတ်ဂရင်း(ဝက်စ်ဟမ်း)၊ နောက်တန်း- ကာရေဂါ(လီဗာပူး)၊ အက်ရှ်လေကိုး (ချယ်လ်ဆီး)၊ ဖာဒီနန်(မန်ယူ)၊ ဂလင်းဂျွန်ဆင်(လီဗာပူး)၊ လက်ဒလေကင်း(စပါး)၊ ဂျွန်တယ်ရီ (ချယ်လ်ဆီး)၊ မက်သရူးအပ်ဆင် (ဝက်စ်ဟမ်း)၊ ဝါနော့ခ်(ဗီလာ)၊ အလယ်တန်း- ဂါရတ်ဘယ်ရီ(မန်စီးတီး)၊ မိုက်ကယ်ကာရစ်(မန်ယူ)၊ ဂျိုကိုးလ်(ချယ်လ်ဆီး)၊ ဂျရတ်(လီဗာပူး)၊ လမ်းပတ်(ချယ်လ်ဆီး)၊ လင်နွန်(စပါး)၊ ဂျိမ်းစ်မေလ်နာ(ဗီလာ)၊ ဖိလစ်(မန်စီးတီး)၊ ရှေ့တန်း- ပီတာခရော့ချ်(စပါး)၊ ဂျာမိန်းဒီဖိုး(စပါး)၊ ဟက်စကီး(ဗီလာ)နှင့် ဝိန်းရွန်နေး(မန်ယူ) တို့ဖြစ်သည်။ ***အင်တာနက်။***

ဝင်းတင် (ကြေးမုံ)

အင်္ဂလန်အသင်းမှ အံ့ဩဖွယ်ကောင်းလောက်အောင် ချန်လှပ်ထားခြင်းခံရသည့် ဝေါလ်ကော့။

မင်္ဂလာဈေးစတုတ္ထထပ်စက်လှေကားထိပ်၊ဒုတိယထပ်စက်လှေကားထိပ်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော **မမစတိုး** နိုင်ငံခြားကလစ်နှင့် ဖန်စီပစ္စည်းရောင်းဝယ်ရေး ပင်ရင်းဆိုင်အားအောင်ဆန်းကွင်း မြောက်ဘက်တန်း B5,B6 နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း ၁၇၄ တွင် ဖွင့်လှစ်ထားပါသည်။

ဖုန်း- ၃၉၄၇၆၂၊ ၃၈၉၅၄၃

သတင်းကောင်း

လူကြီးမင်းတို့၏ မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားများ ဘီးပေါက်၊ ကျွတ်ပေါက်ပါက စိတ်ပင်ပန်း၊ လူပင်ပန်းခံ၊ အချိန်အကုန်ခံ၍ ဖာထေးရန်မလိုတော့ပါ။ အလိုအလျောက် ဘီးဖာဆေးရည်ကိုသုံး၍ ယာဉ်အား အသုံးပြုနေစဉ်မှာပင် ဖာထေးနိုင်ပါပြီ။ ယာဉ်အပိုပစ္စည်း၊ စက်ဘီးပစ္စည်းအရောင်းဆိုင်များတွင် ရနိုင်ပါပြီ။

ရန်ကုန်ဖြန့်ချိရေး

ဖုန်း-၀၉၅၁၈၃၄၂၈၊ ၀၁၅၇၈၅၁၄

FAME ဆေးဝါးများအရောင်းဆိုင် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

GMP, Organic အသိအမှတ်ပြုလက်မှတ်များနှင့် ISO 9001-2008, ISO 14001-2004 , OHSAS 18001:2007 အသိအမှတ်ပြုလက်မှတ်များရရှိထားသည့် **FAME PHARMACEUTICALS** မှထုတ်လုပ်သော သဘာဝအော်ဂဲနစ်ဆေးဝါးများ အရောင်းဆိုင်ကို **ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (၂၅၁-B) မြေညီထပ်၊ ရန်ကုန်-အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်၊ ဘုရားလမ်းမှတ်တိုင်အနီး** ဖုန်း-၇၀၅၂၅၅ တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားပြီး နေ့စဉ်နံနက် (၈)နာရီမှ ညနေ(၆)နာရီအထိ ပိတ်ရက်မရှိ ဝယ်ယူရရှိနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

"ဝ" ဒီမိုကရက်တစ် ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၆၉/၂၀၁၀)
၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်)
"ဝ" ဒီမိုကရက်တစ်ပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၈)၊ သိန်းနီလမ်း၊ အမှတ်(ဇ-၄/၇) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **"ဝ" ဒီမိုကရက်တစ်ပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

"ဝ" ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၂၉) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အီ လက် ထ ရွန် နစ် နည်း ပ ညာ သ တင်း

ဘာသာပြန် သတင်းလုလင်
အဆင်အပြင် - ခိုင်သန္တာရွှေ

ကွန်ပျူတာနှင့် ဆက်သွယ်အသုံးပြုနိုင်သော မီမိုရီချစ်(ပ်) ကိရိယာများ အတွင်းသို့ ကွန်ပျူတာ ဗိုင်းရပ်စ် ဝင်ရောက်နိုင်သည်။
(ဓာတ်ပုံ-အင်တာနက်)

ကွန်ပျူတာနှင့်ချိတ်ဆက်သည့် ဆေးဘက်ဆိုင်ရာကိရိယာများ ဗိုင်းရပ်စ်အန္တရာယ်တွေ့ကြုံနိုင်

လန်ဒန် ဇွန် ၂

ကွန်ပျူတာကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုသော ဆေးဘက်ဆိုင်ရာကိရိယာများသည် ကွန်ပျူတာဗိုင်းရပ်စ်ဘေးအန္တရာယ်နှင့် တွေ့ကြုံရနိုင်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်တစ်ဦးက သတိပေးလိုက်သည်။

ဗြိတိန်နိုင်ငံ ရီးဒင်းတက္ကသိုလ်မှ သိပ္ပံပညာရှင် မက်ဂက်ဆင်သည် အီလက်ထရွန်နစ် နည်းပညာသုံး ချစ်(ပ်)ကိရိယာတစ်မျိုးကို စမ်းသပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေချိန်ကာလအတွင်း ယင်းကိရိယာအတွင်းသို့ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻

အင်အား အသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

နေပြည်တော် ဇွန် ၂

ဇွန် ၁ ရက် ည ၁၀ နာရီ ၃၂ မိနစ် ၃၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(တရုတ်နိုင်ငံ၊ယူနန်ပြည်နယ်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ဝ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)